ပုံစံ (၅ - ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ်-ဧရာ-၀၁၅/၂၀၁၈ ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၃၀ ရက်

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) **ရင်းနှီးမြှုပ်နှံသူအမည်** ဦးမင်းထွေး

(၂) **နိုင်ငံသား** မြန်မာ

(၃) **နေရပ်လိပ်စာ** အမှတ်-၃၉၊ အောင်ဇေယျာလမ်း၊ (၅) ရပ်ကွက်၊ မအူပင်မြို့

(၄) **ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ** AYEYARWADDY INSPIRATION COMPANY LIMITED ၊ အမှတ်-၃၉၊ အောင်ဇေယျာလမ်း၊ (၅) ရပ်ကွက်၊ မအူပင်မြို့

(၅) **ဖွဲ့စည်းရာအရပ်** မြန်မာနိုင်ငံ

(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** အိမ်ရာဆောက်လုပ်ရောင်းချခြင်းနှင့်ငှားရမ်းခြင်းလုပ်ငန်း

(၇) **ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)** ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ပိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၈၈၀၊ ဦးပိုင်အမှတ် ၄၄၊ ၄၅၊ ၄၆ ရှိမြေ ၈.၉၂ဧက ၊ ဦးပိုင်အမှတ် ၄၆၊ ၄၇၊ ၄၈၊ ၅၀၊ ၇၃ ရှိမြေ ၈.၆၅ ဧက စုစုပေါင်းမြေဧရိယာ ၁၇.၅၇ ဧက

(၈) **နိုင်ငံခြားမတည်ငွေရင်းပမာဏ** -

(၉) **နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ** -

(၁၀) **စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်)** ကျပ် ၂၂၀၁.၉၆၉ သန်း

(၁၁) **တည်ဆောက်မှု/ပြင်ဆင်မှုကာလ** ၃ နှစ်

(၁၂) **အတည်ပြုမိန့် သက်တမ်း** -

(၁၃) **ရင်းနှီးမြှုပ်နှံမှုပုံစံ** မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) **မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည်** AYEYARWADDY INSPIRATION COMPANY LIMITED (အကြံကောင်းဉာဏ်ကောင်းဧရာဝတီကုမ္ပဏီလီမိတက်)

ဥက္ကဋ္ဌ
ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
OSS စုပေါင်းရုံး၊ မြက်တို၊ ပုသိမ်မြို့

☎ ၉၅-၄၂-၂၉၂၅၆-၂၉၂၅၇
🖷 ၉၅-၄၂-၂၉၂၅၈

စာအမှတ်၊ ဧရက/အ-၀၁၇/အိမ်ရာ/၂၀၁၈(၁၂၅-၁၈)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ဧပြီ လ ၃၀ ရက်

အကြောင်းအရာ။ **Ayeyarwaddy Inspiration Company Limited မှ ရာခိုင်နှုန်းပြည့် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် အိမ်ရာ ဆောက်လုပ် ရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်း အတည်ပြုမိန့်အပေါ် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ဆုံးဖြတ်ချက်**

ရည် ညွှန်း ချက်။ Ayeyarwaddy Inspiration Company Limited ၏ ၂၉-၃-၂၀၁၈ ရက်စွဲ ပါတင်ပြစာ

၁။ Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ လီမိတက်)မှ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၈၈၀၊ ဦးပိုင်အမှတ်-၄၄၊ ၄၅၊ ၄၆ ရှိ မြေ ၈.၉၂ ဧက ဦးပိုင်အမှတ် ၄၆၊၄၇၊၄၈၊၅၁၊၇၃ ရှိမြေ ၈.၆၅ ဧက စုစုပေါင်းမြေ ၁၇.၆၁ ဧက တွင် ရာခိုင်နှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် အိမ်ရာ ဆောက်လုပ် ရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလွှာ တင်ပြခြင်းအား ၂၀၁၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ တွင်ကျင်းပပြုလုပ်သော ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံးလျက် Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီလီမိတက်)အား အိမ်ရာ ဆောက်လုပ် ရောင်းချခြင်း နှင့် ငှားရမ်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်အတည်ပြုမိန့်အမှတ်၊ ဧရာ-၀၁၅/၂၀၁၈ ကို ထုတ်ပေးလိုက် သည်။

၂။ Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်းကုမ္ပဏီ လီမိတက်)အနေဖြင့် ဤအတည်ပြုမိန့် အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ လီမိတက်)အနေဖြင့် ဤအတည်ပြုမိန့်အရ အိမ်ရာဆောက်လုပ် ရောင်းချ

ခြင်းနှင့်ငှားရမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များ နှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီလီမိတက်)သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလ အတည်ပြုလျှောက်ထားလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ်ထားရှိဆောင်ရွက် အကောင်အထည်ဖော်ရမည်။

(ဂ) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ လီမိတက်)အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်း ဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့်ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရား များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ လီမိတက်)အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပုံစံကို ပြောင်းလဲခြင်းကြောင့် ခွင့်ပြုမိန့် ရယူရန်လိုအပ်သည့် ရင်းနှီးမြှုပ် နှံမှုဆိုင်ရာသတ်မှတ်ချက်များနှင့် အကျုံးဝင်သွား ပါက ယင်းပြောင်းလဲမှု မဆောင်ရွက်မီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၉ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြရမည်။

(င) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ လီမိတက်)သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန် ထားပြီးဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ လီမိတက်)သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလ အတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း နှင့် လုပ်ငန်းလွှဲ ပြောင်းခြင်းတို့ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(ဆ) Ayeyarwaddy Inspiration Company Limited (အကြံကောင်းဉာဏ်ကောင်း ကုမ္ပဏီ လီမိတက်)သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ အတည်ပြုမိန့် သို့မဟုတ် သက်သာခွင့် ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန